# ဆင်တဲကြီးကျေးရွာ

ဥယျာဉ်အုပ်စု

ပုဗ္ဗသီရိမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက်

ပြုစုရေးစွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဆင်တဲကြီးကျေးရွာ၊ ပုဗ္ဗသီရိမြို့နယ်၊နေပြည်တော်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)**

၂

## မာတိကာ


| | |
|---|---|
| မာတိကာ | ၂ |
| စကားချီ | ၄ |
| ကျေးရွာမြေမျက်နှာသွင်ပြင်နှင့်တည်နေရာပြမြေပုံ၊ပုဗ္ဗသီရိမြို့နယ် | ၆ |
| **(၁) နိဒါန်း** | ၇ |
| **(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ** | ၁၁ |
| (က) တည်နေရာ၊ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား | |
| (ခ) သဘာဝအရင်းအမြစ်များ | |
| **(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ** | ၁၂ |
| (က) လူဦးရေဆိုင်ရာ အချက်အလက်များ | |
| **(၄) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်** | ၁၂ |
| **(၅) စီးပွားရေးနှင့် စီမံခန့်ခွဲမှုအခြေအနေ** | ၁၃ |
| (က) စိုက်ပျိုးရေး | |
| (ခ) မွေးမြူရေး | |
| (ဂ) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | |
| (ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာလုပ်ငန်းများ | |
| **(၆) အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၁၄ |
| (က) ကျေးလက်သယ်ယူပို့ဆောင်ရေးနှင့် ဝန်ဆောင်မှုအခြေခံအဆောက်အဦ | |
| (ခ) လျှပ်စစ်စွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အဦများ | |

(ဂ) ဆက်သွယ်ရေး၊ သတင်းနှင့်နည်းပညာဆိုင်ရာ အခြေခံအဆောက်အဦ

**(၇) ပညာရေး** ၁၅

(က) ပညာရေးဝန်ဆောင်မှု ရရှိနိုင်မှုအခြေအနေ

၃

**(၈) ကျန်းမာရေး** ၁၅

(က) ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုရရှိမှု အခြေအနေ

(ခ) သောက်သုံးရေရရှိမှုနှင့် သန့်ရှင်းရေး

**(၉) သဘာဝဘေးအန္တရာယ်ထိခိုက်မှု အခြေအနေ** ၁၆

**(၁၀) ကျား၊မ ရေးရာ** ၁၆

**(၁၁) ဦးစားပေးစီမံချက်လုပ်ငန်းများဇယား** ၁၇

**(၁၂) စီမံချက်အဆိုပြုလွှာ** ၁၈

**နောက်ဆက်တွဲ**

နောက်ဆက်တွဲ - ၁ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း

နောက်ဆက်တွဲ - ၂ ဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

နောက်ဆက်တွဲ - ၃ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုဇယားများ

# စကားချီ

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈-၂၀၁၉ခု (၆လ) ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ဖြစ်ပါသည်။ ကနေဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုး ပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကိုတက်တက် ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိ ပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြ သော်လည်းလူထုအများစနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်း များကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီးဌာနမှ စီစဉ်ဆောင်ရွက် ပေးပါ သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်း နှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့ သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာန ဆိုင်ရာများမှ ရယူလိုကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတ ် ၅ ် ေရာက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစာပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဆင်တဲကြီးကျေးရွာ

ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်

## ဆင်တဲကြီးကျေးရွာ တည်နေရာပြမြေပုံ၊ ပုဗ္ဗသီရိမြို့နယ်



# ၁ နိဒါန်း

## ၁.၁ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆိုသည်မှာ-

ကျေးရွာဆိုသည်မှာ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံတူသူများ/နီးစပ်သူများ၊ ဆွေမျိုးမကင်းသူများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း ဆင်တူများ/နီးစပ်မှုရှိသူများ စုပေါင်းနေထိုင်ရာ နေရာကိုခေါ်သည်။ ကျေးရွာနှင့် မြို့၏ ကွာခြားမှုမှာ အချို့ကျေးရွာများမှာ တိုးတက်မှုရှိပြီး ကျေးရွာအရွယ်အစားကြီးသော်လည်း အစိုးရရုံးများမရှိ။ အစိုးရဘဏ်များမရှိသောကြောင့် ကျေးရွာဟု သတ်မှတ်ကြသည်။ ပုဗ္ဗသီရိမြို့နယ်တွင် အစိုးရ အမည်ပေါက် ကျေးရွာပေါင်း ( ၇၁ ) ရွာရှိပြီး တစ်နိုင်ငံလုံးတွင် ကျေးလက်မြို့နယ်ပေါင်း (၃၀၅) မြို့နယ်အတွင်း အစိုးရအသိအမှတ်ပြု ကျေးရွာပေါင်း( ၆၄၈၉၉ ) ရှိသည်။

ဖွံ့ဖြိုးရေးဆိုသည်မှာ လက်ရှိအခြေအနေမှ ပိုမိုကောင်းမွန်သော အခြေအနေသို့ အစီအစဉ်တကျပြောင်းလဲသွားခြင်းကိုဆိုလိုသည်။ ဖွံ့ဖြိုးရေးတွင်လည်း ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးရေးနှင့် စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးရေးဟူ၍ နှစ်ပိုင်းရှိသည်။ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးရေးဆိုသည်မှာ အဆောက်အဦးများ တိုးတက်ကောင်းမွန်လာခြင်း၊ လမ်းပန်းဆက်သွယ်ရေးအနေဖြင့် လမ်း၊တံတားများ ပိုမိုတိုးတက်ကောင်းမွန်လာခြင်း၊ လျှပ်စစ်မီး ရရှိလာခြင်း၊ ယာဉ်/ကား၊ စက်ကိရိယာစသည်တို့ ပိုမိုခေတ်မီကောင်းမွန်လာခြင်း၊ တယ်လီဖုန်းနှင့် ဆက်သွယ်ရေးများ ပိုမိုကောင်းမွန်လာခြင်း၊ စာသင်ကျောင်း၊ ဆေးခန်းများ ပိုမိုကောင်းမွန်လာခြင်း၊ ခေတ်မီလာခြင်း စသည်တို့ကိုဆိုလိုသည်။ စိတ်ပိုင်ဆိုင်ရာဖွံ့ဖြိုးရေးဆိုသည်မှာ အသိပညာ၊ အတတ်ပညာ၊ နည်းပညာများ တိုးတက်လာခြင်းကိုဆိုလိုသည်။ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုနှင့် စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုတွင် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးရေးသည် ပိုအရေးကြီးသည်။

ရေရှည်ဖွံ့ဖြိုးရေးဆိုသည်မှာ နောင်မျိုးဆက်တွေကို မထိခိုက်ဘဲ ဖွံ့ဖြိုးခြင်းနှင့် သဘာဝ အရင်းအမြစ်များကို အလွန်အကျွံထုတ်ယူအသုံးမပြုဘဲ ဖွံ့ဖြိုးမှုသာ ရေရှည်ဖွံ့ဖြိုးရေးဖြစ်သည်။

ယခင်ကလည်း ကျေးရွာသူ/သားများအနေဖြင့် မိမိတို့ကျေးရွာဖွံ့ဖြိုးရေးကို ကောင်းနိုးရာရာလုပ်ခဲ့ဖူးပါသည်။ ထိုအချိန်က ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ရွေးချယ်လုပ်ကိုင်ခဲ့ကြသောအခါ ရပ်မိ/ရပ်ဖ ၊ အုပ်ချုပ်ရေးမှူးတာဝန်ရှိသူများစသည့် လူနည်းစုတို့၏ ဆုံးဖြတ်ချက်နှင့်ဦးဆောင်မှုအရ ၎င်းတို့လုပ်ကိုင်လိုသော လုပ်ငန်းကိုသာ ရွေးချယ်ခဲ့ကြသည်။ ရပ်ရွာမှပါဝင်ရမည့်/ထည့်ဝင်ကြရမည့် ငွေ(သို့မဟုတ်)ပစ္စည်း၊ လူအင်အားစသည်တို့ကိုလည်း ၎င်းတို့ကသာ ဦးဆောင်ဆုံးဖြတ်ခဲ့ကြသည်။

တစ်ရွာလုံးပါဝင်ဆွေးနွေးခွင့်၊ ဆုံးဖြတ်ပိုင်ခွင့်မရခဲ့ကြပါ။ လုပ်ငန်းတခုဆောင်ရွက်ပြီးစီးပါက ရပ်တန့်နေတတ်ပြီး ဆက်တိုက်လုပ်ဆောင်နိုင်ခြင်းမရှိကြပါ။ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်လည်း မရှိကြပါ။ ၂နှစ်-၃နှစ်ကြာ (သို့မဟုတ်) စိတ်ကူးေ ၈ းနောက်လုပ်ငန်းတစ်ခုကို ပြန်လည်လုပ်ဖြစ်တတ်ကြသည်။ ထိုသို့ အကောင်အထည်ဖော် လုပ်ခဲ့ကြသည့် လုပ်ငန်းများသည် ကျေးရွာလုပ်ငန်းစီမံကိန်း ( Village Development Plan) ဖြစ်သည်။

ယခု ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းရာတွင် ရပ်မိ/ရပ်ဖ အုပ်ချုပ်ရေး၊ တောင်သူ၊ စိုက်/မွေးမဟုတ်သော ဝင်ငွေတိုးလုပ်ငန်းလုပ်ကိုင်သူများ၊ အမျိုးသမီးများ၊ လူငယ်များစသဖြင့် လူတန်းစားပေါင်းစုံ၊ အသွယ်အရွယ်မျိုးစုံ၊ ကျားမ အချိုးညီဖွဲ့စည်းသွားမည်ဖြစ်သည်။ ၎င်း အဖွဲ့တို့၏ အကြံဉာဏ်နှင့် ဆွေးနွေးမှုမှ ထွက်ပေါ်လာသော ဆုံးဖြတ်ချက်များကို မူတည်၍ လုပ်ငန်းများကို ဦးစားပေးရွေးချယ်သွားမည်။ ဆင်းရဲသားနှင့် အဆင်းရဲဆုံးတို့ ၏ ထိခိုက်လွယ်မှုများ၊ အမျိုးသမီးများနှင့် လူငယ်များ၏ အခွင့်အရေးနှင့် စွမ်းဆောင်နိုင်မှု၊ ကျေးရွာ၏ အခွင့်အလမ်းကောင်းများ၊ အလားအလာကောင်းများ၊ အဟန့်အတားနှင့်စိန်ခေါ်မှုများ၊ သဘာဝ အရင်းအမြစ်များ၊ လက်ရှိအခြေအနေများ၊ လက်ရှိ လူ့စွမ်းအားအရင်းအမြစ်များနှင့် လူသားစွမ်းရည်များ တည်ဆောက်ခြင်း စသည်တို့ကို ထည့်သွင်းစဉ်းစား ထားပြီး တစ်ရွာလုံးသဘောတူ ရေးဆွဲထားသော စီမံကိန်းသည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း( Village Developmen Project ) ဖြစ်သည်။

## ၁.၂ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ်များ ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာပါသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်း

အချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိ လူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအထောက်အပံ့ဖြစ်စေသော အချက်များ နှင့် အဟန့်အတားမျ ၉ ာအချက်များ၊ ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်ဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

**ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရခြင်း၏ ရည်ရွယ်ချက်မှာ-**

(၁) ကျေးရွာသူ/သားများကိုယ်တိုင် မိမိတို့ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို မိမိတို့ကိုယ်တိုင် ရေးဆွဲနိုင်စေရန်နှင့် ၎င်းတို့တစ်ရွာလုံး သဘောတူ တာဝန်ယူရေးဆွဲထားသော ကျေးရွာစီမံကိန်းကို စနစ်တကျ မှတ်တမ်းတင်ထားရှိရန်

(၂) ကျေးရွာလူထုအတွက် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအား စနစ်တကျ စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရန် စီမံကိန်းမှတ်တမ်းအား လမ်းညွှန်လက်စွဲအဖြစ် အသုံးပြုရန်

(၃) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမှတ်တမ်းအားအခြေခံပြီး မြို့နယ်အဆင့်အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများက ၎င်းတို့၏ နှစ်စဉ်ဘတ်ဂျက်နှင့် စီမံကိန်းရေးဆွဲရာတွင် ကျေးရွာ၏လိုအပ်ချက်များအတိုင်း ထင်ဟပ်စေမည့် ဦးစားပေးအစီအစဉ်များကို ထည့်သွင်းရေးသားရန်

**၁.၃ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း၏ အသုံးဝင်မှု**

**ကျေးရွာအတွက်အသုံးဝင်မှု**

ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ရေးဆွဲထားသော စီမံကိန်းများကို စနစ်တကျ မှတ်တမ်းတင်ထားခြင်းဖြင့် အစိုးရဌာနဆိုင်ရာများ၊ အလှူရှင်များ၊ အစိုးရမဟုတ်သောဖွံ့ဖြိုးရေးအဖွဲ့များ၊ ပုဂ္ဂလိက ရင်းနှီးမြှပ်နှံသူများ၊ ဘဏ်များ၊ ကုမ္ပဏီများနှင့် အလွယ်တကူ ချိတ်ဆက်နိုင်မည်။

## အစိုးရဌာနများအတွက်အသုံးဝင်မှု

အစိုးရဌာနများအနေဖြင့် ၎င်းတို့၏ဌာနအသီးသီးတွင် နှစ်စဉ် စီမံကိန်းနှင့်ဘတ်ဂျက် ရေးဆွဲရာတွင် ကျေးရွာ၏လိုအပ်ချက်များကို ထင်ဟပ်စေမည့် လုပ်ငန်းများကို အခြေခံ၍ ဦးစားပေးစီမံကိန်းလုပ်ငန်းများ ရေးဆွဲနိုင်မည်။

၁၀

## နိုင်ငံတော်အစိုးရအဖွဲ့များ၏ အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်၊ အစိုးရအဖွဲ့အစည်းများအား တင်ပြရမည် ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် မူဝါဒများ စီမံကိန်းအသစ်များ ရေးဆွဲချမှတ်ရာတွင် မိမိတို့နိုင်ငံအတွင်းရှိ ကျေးရွာများ၏ လိုအပ်ချက်နှင့် အခြေအနေမှန်များကို ထင်ဟပ်စေမည့် မူဝါဒများကို ချမှတ်ရေးဆွဲရာတွင် များစွာအထောက်အကူ ဖြစ်စေမည်။

ပုဂ္ဂလိက ကဏ္ဍရင်းနှီးမြှပ်နှံသူများနှင့် ကုမ္ပဏီများအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုအပ်ချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှု ဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ ၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများ နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ စိတ်ဝင်စားသော လုပ်ငန်းများအတွက် လိုအပ်သော မှန်ကန်သည့် ကိန်းဂဏန်းအချက်အလက်များကို အဆင်သင့်ရရှိနိုင်ပြီး အချိန်တိုအတွင်း ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေး ဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့ အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမို ကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။



## ၁.၄ စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် မိမိတို့ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို ၂၀၁၅ ခုနှစ်တွင် စတင်ခဲ့ပါသည်။ ၂၀၁၅ခုနှစ်တွင် တိုင်းနှင့်ပြည်နယ် ၁၇ခုသတ်မှတ်ခဲ့ပြီး တိုင်းနှင့်ပြည်နယ် တစ်ခုစီတွင် မြို့နယ် ၂ ခုစီအတွင်းရှိ ကျေးရွာ ၅ ရွာစီ၊ စုစုပေါင်း ကျေးရွာပေါင်း ၁၇၀ တွင် စမ်းသပ်ရေး ဆွဲခဲ့ကြပါသည်။ ၂၀၁၇ ခုနှစ်တွင် မြို့နယ်ပေါင်း ၂၉ မြို့နယ်ကို မြို့နယ်လုံးကျွတ်၊ ကျေးရွာပေါင်း ၅၈၀၀ ကျော်တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများကို ရေးဆွဲလျက်ရှိပါသည်။ ပုဗ္ဗသီရိမြို့နယ် အနေဖြင့် လည်း ၂၀၁၇ခုနှစ်တွင် ကျေးရွာ ၁ ရွာကိုကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခဲ့ကြပါသည်။

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုတွင် ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင် သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင် ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှု ရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု ၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုအပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

ကျွန်တော်တို့ ဆင်တဲကြီးကျေးရွာသည် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့၏ အရှေ့ဘက် (၁၀)မိုင်ခန့်၊ အရှေ့လောင်တီတွဒ် (၉၆.၂၃ )ဒီဂရီ၊ မြောက်လတ်တီတွဒ် (၁၉.၈၉)၌တည်ရှိပါသည်။ ဆင်တဲကြီးကျေးရွာသည် ဆင်တဲကြီးရွာမကြီး၊ ဆင်တဲကြီးတောင်ရွာနှင့် ဆင်တဲကြီးမြောက်ရွာဟူ၍ အပိုင်း (၃)ပိုင်း ပေါင်းစပ်ထားသော ကျေးရွာတစ်ရွာဖြစ်ပါသည်။ မြေမျက်နှာသွင်ပြင်အနေဖြင့် မြေပြန့်နေရာတွင် တည်ရှိပါသည်။ ကျေးရွာသည် ပူပြင်းခြောက်သွေ့သော ရာသီဥတု ရှိပြီး မိုးအသင့်အတင့်သာ ရွာသွန်း ပါသည်။ မြေအမျိုးအစားမှာ သဲနုန်းမြေအမျိုးအစား ဖြစ်ပါသည်။

၁၂

### (ခ) သဘာဝအရင်းအမြစ်

ကျေးရွာသဘာဝအရင်းအမြစ်များတွင် သဘာဝပေါက်ပင်အနေဖြင့် ကုက္ကိုပင်၊ အုန်းပင်၊ သရက်ပင်၊ ငှက်ပျောပင်၊ ပေါက်ပင်၊ ညောင်ပင်စသည့် နှစ်ရှည်ပင်များရှိပါသည်။ သဘာဝတောရိုင်းတိရစ္ဆာန်များအနေဖြင့် ငှက်မျိုးစုံ အနည်းငယ်သာတွေ့ရှိနိုင်ပါသည်။ ရာသီသီးနှံများဖြစ်သော ပြောင်း၊ ပဲတီစိမ်း၊ နှမ်းနှင့် မတ်ပဲတို့ စိုက်ပျိုးလျက်ရှိပါသည်။ သဘာဝသယံဇာတ မထွက်ရှိပါ။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျွန်တော်တို့ ဆင်တဲကြီးကျေးရွာတွင် အိမ်ထောင်စုပေါင်း (၂၂၀) ရှိပြီး လူဦးရေပေါင်း (၉၀၂) ဦး ( က-၄၃၃+မ-၄၆၉) ရှိပါသည်။ တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ (၄) ဦးခန့်ရှိသဖြင့် စံနှုန်း ဖြစ် သော တစ်အိမ်ထောင် ပျမ်းမျှလူဦးရေး တိုးပွါးမှု (၄)ယောက်နှုန်း ရှိသည်ကိုတွေ့ရပါသည်။ ကျေးရွာတွင်

အလုပ်လုပ်နိုင်သောအရွယ် လူဦးရေမှာ (၆၄၁)ဦး (၇၁.၁၄)%ရှိပြီး ကျေးရွာ၏ အလုပ်လုပ်နိုင်သော အရွယ်များ ဖြစ်၍ လုပ်သားအင်အားပေါများသည်ကို တွေ့ရပါသည်။ ၎င်းအလုပ်လုပ်နိုင်သော သူများသည် အသက်မွေးဝမ်းကျောင်းဆိုင်ရာပညာရပ်များ ကျွမ်းကျင်သူနည်းပါးပြီး ကျပန်း/နေ့စားလုပ်ငန်းများကိုသာ လုပ်ကိုင်လျှက်ရှိရာ အသက်မွေးဝမ်းကျောင်းဆိုင်ရာပညာရပ်များအား ထောက်ပံ့ပေးခြင်းအားဖြင့် မိသားစုစီးပွားရေး ပိုမိုအဆင်ပြေလာမည် ဖြစ်ပါသည်။ နို့စို့အရွယ်နှင့် ၅နှစ်အောက်ကလေးငယ် စုစုပေါင်း (၇၂) ဦးရှိပြီး မသန်စွမ်းကလေးငယ် (၂)ဦး ရှိပါသည်။ ၆၅နှစ်အထက် သက်ကြီးရွယ်အို (၃၈) ဦးရှိသည့်အနက် (၁)ဦး တည်းနေ သက်ကြီးရွယ်အို (၆)ဦးရှိပါသည်။

## ၄။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု အခြေအနေ

ဆင်တဲကြီးကျေးရွာတွင် အဖွဲ့အစည်း (၅)ဖွဲ့ ရှိပါသည်။ ၎င်းတို့မှာ လူမှုရေးအဖွဲ့၊ လမ်းကော်မတီ၊ ဝါတွင်းကာလ ဆွမ်းလောင်းလူငယ်အဖွဲ့၊ အမျိုးသမီး ရေးရာအဖွဲ့နှင့် ကျောင်းကော်မတီအဖွဲ့တို့ ဖြစ်ကြပါသည်။ ၎င်းအဖွဲ့များအနက် လူမှုရေးအဖွဲ့သည် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စွမ်းဆောင်ရည် ကောင်းမွန်စွာ ဆောင်ရွက်လျက်ရှိသည်ကိုတွေ့ရှိရပါသည်။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်တွင် ကျေးရွာသူကျေးရွာသားများ အနေဖြင့် အစဉ်အလာအရ ခေါင်းဆောင် ဆုံးဖြတ်သည့်အတိုင်း ဆောင်ရွက်ရန် အကျင့်ပါနေခြင်းကြောင့် အဖွဲ့အစည်းဆိုင်ရာ သဘောတရားများကို နားလည်သဘောပေါက်မှု အားနည်းခြင်း၊ စုပေါင်းဆုံးဖြတ်ချက် ချမှတ်မှုနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှု စနစ်များတွင် အားနည်းလျှက်ရှိသည်ကို တွေ့ရှိရပါသည်။ ထိုကြောင့် ကျေးရွာရှိ အဖွဲ့အစည်းများအတွက် အဖွဲ့အစည်းဆိုင်ရာ သဘောတရားများကို နားလည်သဘော ပေါက်စေရေး စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်များ လုပ်ဆောင်ပေးခြင်းဖြင့် အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်တက်လာနိုင်ပြီး ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ် ပိုမိုအားကောင်းလာမည် ဖြစ်ပါသည်။



## ၅။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

### (က) စိုက်ပျိုးရေး

ကျေးရွာတွင် အိမ်ထောင်စု (၂၂၀)ရှိသည့်အနက် (၆၈) အိမ်ထောင်စုသည် စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်လျှက်ရှိပြီး လယ်မြေ (၁၄၈.၈)ကေနှင့် ယာမြေ (၉၇.၂)ကေရှိသည်ကို တွေ့ရှိရပါသည်။ စပါးစိုက် တောင်သူများအနေဖြင့် မိုးရေကိုသာ အဓိကထား စိုက်ပျိုးနေရသဖြင့် စိုက်ပျိုးသူ နည်းပါးပြီး ပြောင်းနှင့် မတ်ပဲကို ပိုမိုစိုက်ပျိုးလျှက်ရှိကြောင်း တွေ့ရှိရပြီး ပဲတီစိမ်း၊ နှမ်းနှင့် ငှက်ပျောများကို ရာသီအလိုက် စိုက်ပျိုးလျှက်ရှိပါသည်။ ထွက်နှုန်းမှာ ရာသီဥတု အပေါ်အခြေခံ၍ ပြောင်းလဲလျှက်ရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူများအနေဖြင့် ထွက်ရှိလာသော သီးနှံများအား ရောင်းချရာတွင် မျိုး

ကောင်းမျိုးသန့်များ ဝယ်ယူရရှိနိုင်သော်လည်း အရင်းအနှီး မလုံလောက်ခြင်း၊ နည်းပညာ သိရှိမှု အားနည်းခြင်း၊ ဈေးကွက်မတည်ငြိမ်မှုကြောင့် အကျိုးအမြတ် ရရှိမှုတွင် အသင့်အတင့်သာ ရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်းတွင် လုပ်သားအင်အားရှားပါးလာခြင်း၊ လယ်ယာသုံး စက်ကိရိယာ မလုံလောက်ခြင်း၊ စိုက်ပျိုးစရိတ် မလုံလောက်ခြင်းစသည့် အခက်အခဲများကိုလည်း ကြုံတွေ့လျက်ရှိပါသည်။ ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်နေသူများအတွက် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ တိုးတက်စေရန် သင်တန်း/ဟောပြောပွဲများ ပြုလုပ်ပေးခြင်း၊ စိုက်ပျိုးရေးအတွက် အတိုးနည်း ချေးငွေများ ရရှိအောင် ဆောင်ရွက်ခြင်း၊ လယ်ယာသုံး စက်ကိရိယာများ သင့်တင့်သော ဈေးနှုန်းဖြင့် ငှားရမ်း/ ဝယ်ယူအသုံးပြုနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေး ခြင်းများဆောင်ရွက်ပေးခြင်းဖြင့် ပိုမိုအဆင်ပြေလာနိုင်မည် ဖြစ်ပါသည်။

### (ခ) မွေးမြူရေး

မိမိတို့ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်း နှင့် တွဲဖက်၍ တစ်ပိုင်တစ်နိုင် မွေးမြူကြခြင်း ဖြစ်ပါသည်။ နွားမွေးမြူရေးတွင် (၄၀%)၊ ဝက် မွေးမြူရေးတွင် (၂၉.၅၄%)၊ ကြက်မွေးမြူရေးတွင် (၁၆.၃%) ရှိပြီး ကျွဲ၊ ဆိတ်၊ သိုးမွေးမြူသူ အနည်းငယ်ခန့် ရှိပါသည်။ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် မွေးမြူရေးဆိုင်ရာ အသိပညာ အားနည်းခြင်း၊ ကြိုတင်ကာကွယ်ဆေးထိုးရန် ငွေကုန်မခံလိုခြင်း၊ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန နှင့် ချိတ်ဆက်ဆောင်ရွက်မှု အားနည်းခြင်း၊ မိရိုးဖလာ မွေးမြူရေးနည်းများကိုသာ အသုံးပြုသည့် အတွက် အကျိုးအမြတ် အနည်းငယ် သာ ရရှိပါသည်။ ထို့ကြောင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက် ရာတွင် မျိုးကောင်းမျိုးသန့်များ မွေးမြူနိုင် ရေး ဆောင်ရွက်ပေးခြင်း၊ မွေးမြူရေးဆိုင်ရာ အသိပညာ များ တိုးတက်အောင်ဆောင်ရွက်ပေးခြင်း၊ ကြိုတင် ကာကွယ်ဆေးထိုးခြင်းများ ဆောင်ရွက်နိုင်ရန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက် ပေးခြင်း၊ ပုဂ္ဂလိက စီးပွားဖြစ်မွေးမြူရေး လုပ်ငန်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးမည်ဆိုပါက မွေးမြူရေးလုပ်ငန်း လုပ်ကိုင်လိုသူ ကျေးရွာသူ ကျေးရွာသားများအနေဖြင့် တစ်နိုင်တစ်ပိုင်မှ စီးပွားဖြစ် တိုးချဲ့မွေးမြူနိုင်မည်ဖြစ်ပါသည်။



### (ဂ) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၂၂၀)ရှိသည့်အနက် မြေယာမဲ့ (၁၅၂) အိမ်ထောင်စု ရှိသည်ကို တွေ့ရှိရပါသည်။ ကျေးရွာတွင် အိမ်တွင်းမှု ထုတ်ကုန်လုပ်ငန်း မရှိပါ။ ဝင်ငွေရလုပ်ငန်းများ အနေဖြင့် အရောင်းအဝယ် (ဈေးရောင်း) လုပ်ကိုင်သူ (၂၃) အိမ်ထောင်စု၊ အသက်မွေးဝမ်းကျောင်း လုပ်ကိုင်သူများတွင် အစိုးရဝန်ထမ်း အိမ်ထောင်စု (၁၀)စု၊ ကားမောင်းသူ (၆) အိမ်ထောင်စု၊

လက်သမား၊ စက်ချုပ်၊ ဝပ်ရှော့၊ ကယ်ရီ၊ အုတ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အိမ်ထောင်စု (၇)စု ရှိသည်ကို တွေ့ရှိရပါသည်။ ကျန် အိမ်ထောင်စုများသည် ကျပန်း/နေ့စားလုပ်ငန်းများ လုပ်ကိုင်လျှက် ရှိပါသည်။ ကျပန်း/နေ့စားလုပ်ကိုင်သူ များပြောသည့်အပြင် ၎င်းတို့အနေဖြင့် အလုပ်ရုံ၊ စက်ရုံများ မရှိခြင်း၊ စိုက်ပျိုးရာသီတွင် အလုပ်အကိုင်ရှိပြီး ကျန်အချိန်များတွင် အလုပ်အကိုင်ရှားပါးပြီး ဝင်ငွေ မမှန်ခြင်းများကြောင့် မိသားစုစားဝတ်နေရေး အခက်အခဲများ ဖြစ်ပေါ်လျှက်ရှိပါသည်။ ကျပန်း/နေ့စား လုပ်ကိုင်သူများအနေဖြင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ တတ်မြောက်မှု နည်းပါးခြင်း၊ သင်တန်းတက်ရောက်ရန်စိတ်ပါဝင်စားသော်လည်း ငွေကြေး မတတ်နိုင်ခြင်း၊ တစ်ပိုင်တစ်နိုင် လုပ်ငန်း များ လုပ်ကိုင်ရန်အတွက် အရင်းအနှီးမရှိခြင်းများ ဖြစ်ပေါ်လျှက်ရှိပါသည်။ ထို့ကြောင့် တစ်ပိုင်တစ်နိုင် လုပ်ငန်းများ လုပ်ကိုင်လိုသူများအတွက် အတိုးနည်းချေးငွေရရှိရေး ဆောင်ရွက်ပေးခြင်း၊ အသက် မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများဖွင့်လှစ်နိုင်ရေး ချိတ်ဆက်ဆောင်ရွက် ခြင်းများပြုလုပ်မည် ဆိုပါ က စီးပွားရေးအခြေအနေ ပိုမိုတိုးတက်လာနိုင်မည်ဖြစ်ပါသည်။

### (ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာ လုပ်ငန်းများ

ကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးရေးချေးငွေရရှိသော်လည်း ပိုစံ (၇) ရှိသူများကိုသာ ထုတ်ချေးပေးခြင်းဖြစ်ပါသည်။ ကျေးရွာသူ/သားများအနေဖြင့် ဘဏ်ဝန်ဆောင်မှု များနှင့် အလှမ်းဝေးခြင်း၊ အခြားပုဂ္ဂလိကချေးငွေ ထုတ်ချေးသူများရှိသော်လည်း အတိုးနှုန်းများခြင်း၊ အပတ်စဉ် အရစ်ကျ ပြန်လည်ပေးဆပ်ရခြင်း၊ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် ကိုက်ညီသူ များကိုသာ ထုတ်ချေးပေးခြင်း၊ လုပ်ငန်းရင်းနှီးလုပ်ကိုင်ရန်အတွက် ချေးငွေ ရရှိမှုနည်းပါးခြင်း/ မလုံ လောက်ခြင်းများ တွေ့ရှိရပါသည်။ ထိုကြောင့် ကျေးရွာသူ/သားများအနေဖြင့် လုပ်ငန်းရင်းနှီးငွေ လုံလောက်စွာရရှိရေး၊ အတိုးနည်းချေးငွေရရှိရေးများအတွက် ဘဏ်/ငွေကြေးဝန်ဆောင်မှု အဖွဲ့အစည်း များနှင့် ချိတ်ဆက် ဆောင်ရွက်သွားရန်လိုအပ်ပါသည်။

## ၆။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက်သယ်ယူပို့ဆောင်ရေးနှင့်ဝန်ဆောင်မှု အခြေခံအဆောက်အဦ

မိမိတို့ကျေးရွာသည် ကုန်စည်များ ရောင်းဝယ်ဖောက်ကားနိုင်ရေးအတွက် ပြည်စံအောင် ဈေးသည် အနီးဆုံးတွင် တည်ရှိနေပြီး လက်ကားရောင်းဝယ်ခြင်း၊ အဝယ်ဒိုင်များသို့ ရောင်းချခြင်းများ အတွက် ပျဉ်းမနားဈေးသို့ ထုတ်ကုန်များအား ရောင်းချလျှက်ရှိပါသည်။ ကုန်စည်များ သယ်ယူရာတွင် နွားလှည်း၊ ဆိုင်ကယ်၊ ထော်လာဂျီ၊ သုံးဘီးဆိုင်ကယ်နှင့် ကားများကို အသုံးပြုလျှက်ရှိပါသည်။ မိမိတို့ကျေးရွာသည် ရန်ကုန်-မန္တလေး(လမ်းဟောင်း)ကားလမ်းမကြီးအနီးတွင် တည်ရှိသည့်အတွက် ထုတ်ကုန်များ ရောင်းချ ခြင်း၊ အသုံးအဆောင်ပစ္စည်းများ ဝယ်ယူခြင်းများတွင် သွားလာရအဆင်ပြေ

ချောမွေ့ပါသည်။ သို့သော် ရွာတွင်းလမ်းများသည် မြေသားလမ်းဖြစ်ပြီး ပွင့်လင်းရာသီတွင်သာ အသုံး ပြု၍ အဆင်ပြေပါသည်။ မိုးရာသီတွင် မိုးရေတင်ခြင်း၊ ဆင်သေချောင်းမှ ရေလျှံခြင်းများကြောင့် ဗွက်များထခြင်း၊ လမ်းချော်ခြင်း များဖြစ်ပေါ်သဖြင့် ကျေးရွာသူ/သားများ၊ ကျောင်းသား/သူများနှင့် အနီးရှိ အခြားကျေးရွာများမှ လမ်း အသုံးပြုသူ ကျေးရွာသူ/သားများအနေဖြင့် သွားလာရ ခက်ခဲလျှက် ရှိပါသည်။ ထို့ကြောင့် ရွာတွင်းလမ်းများ ပြုပြင်ပြီးဖြစ်ပါက ယခုထက်သွားလာရပိုမိုလွယ်ကူခြင်း၊ ကုန်စည်များပို့ဆောင်ရာတွင် ပိုမိုအဆင်ပြေ လာမည်ဖြစ်ပါသည်။

### (ခ) လျှပ်စစ်စွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အဦးများ

ဆင်တဲကြီးကျေးရွာတွင် ရွာမကြီးနှင့် ဆင်တဲကြီးမြောက်ရွာသည် လျှပ်စစ်ဓါတ်အား သွယ်တန်းပြီးဖြစ်သော်လည်း ဆင်တဲကြီးတောင်ရွာ လျှပ်စစ်ဓါတ်အားသွယ်တန်းခြင်းအား လာမည့် ၂၀၁၈-၂၀၁၉ (၁၂)လ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးသုံးစွဲသူ အိမ်ထောင်စု(၁၄၈)စုရှိပြီး ဆိုလာစနစ်သုံးစွဲသူ အိမ်ထောင်စု (၉)စု၊ ဒီဇယ်အင်ဂျင် သုံးစွဲသူ (၁)ဦး ရှိပါသည်။ ကျန်ရှိ (၆၂)အိမ်သည် ဖယောင်းတိုင်၊ ဘတ္တရီမီးများကိုသာ အသုံးပြုကြပါ သည်။

### (ဂ) ဆက်သွယ်ရေး၊ သတင်းနှင့်နည်းပညာဆိုင်ရာ အခြေခံအဆောက်အဦ

ကျေးရွာတွင် ဆက်သွယ်ရေးအနေဖြင့် ဖုန်းအသုံးပြုနိုင်သူ (၃၀.၀၇%)ရှိပါသည်။ သတင်း အချက်အလက်နည်းပညာများအနေဖြင့် ကျေးရွာစာကြည့်တိုက်ရှိခြင်း၊ ဖုန်းအသုံးပြုသူများ အနေဖြင့် internet၊ facebookများ အသုံးပြုခြင်း၊ တီဗွီနှင့် ရေဒီယိုများအသုံးပြုခြင်းဖြင့် ဗဟုသုတနှင့် နည်းပညာ အချက်အလက်များကို ရရှိကြောင်းတွေ့ရှိရပါသည်။ သို့သော် ကျေးရွာစာကြည့်တိုက် အဆောက်အဦသည် ပျက်စီးနေခြင်း စာအုပ်အမျိုးအစား စုံစုံလင်လင် မရှိခြင်းများအတွက် ကျေးရွာ စာကြည့်တိုက် ပြန်လည်ပြုပြင်ခြင်းနှင့် ကျေးရွာအတွင်းရှိ စာဖတ်ဝါသနာပါသူများစုပေါင်း၍ အသင်း အဖွဲ့တစ်ခု ဖွဲ့စည်းပြီး စာအုပ်များစုဆောင်းခြင်း၊ စာအုပ်များအလှူခံခြင်းများအပြင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဆိုပါက ဗဟုသုတနှင့် သတင်း အချက်အလက်နည်းပညာများ ပိုမိုတိုးတက်လာနိုင်ပါ သည်။

## ၇။ ပညာရေး

### (က) ပညာရေးဝန်ဆောင်မှု ရရှိနိုင်မှု အခြေအနေ

မိမိတို့ကျေးရွာတွင် အခြေခံပညာ မူလတန်းကျောင်းရှိပါသည်။ မိမိတို့ကျေးရွာနှင့် ကျေးရွာ အနီးရှိ အခြားကျေးရွာရှိ ကလေးများအနေဖြင့် မူလတန်းပညာကို သွားလာရလွယ်ကူစွာ

သင်ကြားနိုင်သော် လည်း အလယ်တန်းနှင့် အထက်တန်း ကျောင်းသား/သူများအနေဖြင့် အ.ထ.က (၂၀)သို့ စက်ဘီး၊ ဆိုင်ကယ်များဖြင့် သွားရေ ၁၆ းရပါ သည်။ ဆရာ၊ဆရာမ စုစုပေါင်း (၆)ဦး ရှိပြီး ဆရာ (၁)ဦး၊ ဆရာမ (၅)ဦး ရှိပါသည်။ ကျောင်းတွင်ပညာသင်ကြားသူ ကျား(၃၉)ဦး၊ မ (၄၈)ဦး စုစုပေါင်း (၈၇)ဦးရှိပါသည်။ ကျောင်းကော်မတီကဦးဆောင်၍ ကျောင်းသားစုံညီပွဲတော်၊ ပညာရည်ချွန်ဆုပေးပွဲများ ကျင်းပပေးပါသည်။ စာသင်ကျောင်းဝန်းအတွင်း ကျောင်းဆောင်(၃)ဆောင်ရှိပြီး ကျောင်းဆောင်(၁)သည် ၇၂'x ၁၅'x၁၂'၊ ကျောင်းဆောင် (၂)သည် ၆၀'x ၂၆'x၁၂'ရှိပြီး ကျောင်းဆောင်(၃)သည် ၆၀'x ၃၀'x၁၂'ရှိပါသည်။ စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်း ဧရိယာမှာ (၄၄၄၀) စတုရမ်းပေ ရှိပါသည်။ ကျောင်းဝန်းသည် ကျယ်ဝန်းသည့်အတွက် ကလေးငယ်အနေဖြင့် လွတ်လပ်စွာကစားနိုင်ပါသည်။ နှစ်စဉ် ကျောင်းသားဦးရေ တိုးလာသည့်အတွက် မူလတန်းကျောင်းမှ အလယ်တန်းကျောင်း အဆင့်မြှင့်တင်ရန် လိုအပ်လျှက်ရှိပါသည်။ ကျောင်းအဆင့်မြှင့်တင်မည်ဆိုပါက ကျောင်းဆောင် တိုးချဲ့ဆောက်လုပ်ရန်အတွက် မြေနေရာရှိပြီးဖြစ်ပါသည်။ စာသင်ကျောင်း လက်ရှိအခြေအနေသည် ခြံစည်းရိုးများ ပျက်စီးလျှက်ရှိသည့်အတွက် ကျောင်းသား/သူများအတွက် မလုံခြုံသည့်အပြင် အန္တရာယ်များကြုံတွေ့နိုင်ပါသည်။ ကျေးရွာသူ/ သားများအနေဖြင့် စာသင်ကျောင်း ခြံစည်းရိုး ပြုပြင်လိုစိတ်ရှိသည့်အပြင် လုပ်အားများ ထည့်ဝင်နိုင်သော်လည်း ငွေကြေး မလုံလောက်သည့် အခက်အခဲရှိပါသည်။ ကျေးရွာအတွင်းရှိ မသန်စွမ်းကလေးငယ်များအတွက် ပညာရေး အစီအစဉ်များမရှိပါ။

## ၈။ ကျန်းမာရေး

### (က) ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှု ရရှိမှု အခြေအနေ

ဆင်တဲကြီးကျေးရွာတွင် ကျန်းမားရေးဌာနမှ တာဝန်ကျဆရာ/မများမှ ကာကွယ်ဆေးထိုးနှံပေးမှုများရှိသော်လည်း ကျန်းမာရေးအတွက် ကုသရန် ကျေးလက်ဆေးပေးခန်း မရှိပါ။ ကျေးရွာတွင် သွေးတိုး၊ဆီးချိုရောဂါဖြစ်ပွားသူ တစ်နှစ်ထက်တစ်နှစ်များပြားလာပါသည်။ ရာသီလိုက် ဖြစ်ပွားတတ်သော ဝမ်းပျက် ဝမ်းလျော၊ သွေးလွန်တုပ်ကွေး ဖြစ်ပွားမှုသည် အနည်းငယ်သာ ရှိပါသည်။ ကျေးရွာသူ/သားများ အနေဖြင့် ကျေးလက်ဆေးပေးခန်းမရှိသည့်အတွက် လမ်းဘေး ဆေးဆိုင်များမှ ဆေးများဝယ်ယူသောက် သုံးနေကြပါသည်။ ဆေးဆိုင်များသည် ကျေးရွာအတွင်း မရှိပါ။ ဆေးလိုအပ်ပါက သိုက်ချောင်း၊ ကျည်တောင်ကန် ကျေးရွာများသို့ သွားရောက်ဝယ်ယူရခြင်း ဖြစ်ပါသည်။ ကိုယ်ဝန်ဆောင်မိခင်များနှင့် သက်ကြီးရွယ်အိုများ၊ အရေးပေါ်ဆေးကုသရန်လိုအပ်သူများအနေဖြင့် ကျန်းမာရေးနှင့်ပတ်သတ်၍ ပုဗ္ဗသီရိ၊ ပျဉ်းမနား ဆေးရုံများသို့ သွားရောက်ပြသရသည့်အတွက် သွားလာရာတွင် ရွာတွင်းလမ်းများ မကောင်းခြင်း၊ သွားလာရဝေးခြင်း၊ အလွယ်တကူ ကားငှား၍ မရခြင်းစသည့် အခက်အခဲများရှိပါသည်။ ထို့ကြောင့် ကျန်းမာရေးအတွက် ကျန်းမာရေးအသိပညာပေး

ဟောပြောပွဲများ ကျင်းပပေးခြင်း၊ ကျေးလက် ဆေးပေး ခန်းတည်ဆောက်ပေးခြင်းဖြင့် ကျေးရွာသူ ကျေးရွာသားများအတွက် ကျန်းမာရေးအသိပညာများ တိုးပွားလာပြီး ကျန်းမာရေးအတွက် ပိုမိုစိတ်ချ ရသည့် အခြေအနေများ ရရှိနိုင်ပါသည်။

၁၇

**(ခ) သောက်သုံးရေရရှိမှုနှင့် သန့်ရှင်းရေး**

ကျေးရွာတွင် အဝီစိတွင်း/တုံကင် (၁၀၄)တွင်း ရှိပြီး ကျေးရွာသူ/သားများအနေဖြင့် နွေ၊ မိုး၊ ဆောင်း သုံးရာသီလုံး လုံလောက်မှုရှိပါသည်။ ကိုယ်ပိုင်ရေတွင်းမရှိသူ ကျေးရွာသူ/သားများ အနေဖြင့်လည်း နီးစပ်ရာ အိမ်ထောင်စုများနှင့် တွဲဖက်အသုံးပြုခြင်းဖြစ်ပါသည်။ ကျေးရွာရှိ အိမ်ထောင်စု အားလုံးသည် ယင်လုံအိမ်သာများကိုသာ အသုံးပြုကြပါသည်။ ကျေးရွာရှိ အိမ်ထောင်စု (၁၁၅)ဦး သည် ကိုယ်ပိုင်ယင်လုံ အိမ်သာများရှိပြီး ကျန်အိမ်ထောင်စုများမှာ မိဘများနှင့် တွဲဖက်နေထိုင် အသုံးပြု ကြခြင်းဖြစ်ပါသည်။

**၉။ သဘာဝဘေးအန္တရာယ်ထိခိုက်မှု အခြေအနေ**

မိမိတို့ကျေးရွာတွင် ၂၀၁၆ခုနှစ်၌ ဆင်သေချောင်းရေကြီးမှု ကြုံတွေ့ခဲ့ရပြီး ဘုန်းတော်ကြီး ကျောင်း အုတ်နံရံများ ပျက်စီးခြင်း၊ ကမ်းပါးပြိုကျမှုကြောင့် နေအိမ်အဆောက်အဦများ ဖျက်သိမ်းရ ခြင်း၊ ဆင်တဲကြီး မြောက်ရွာရှိ ရွာချင်းဆက်တံတား ပျက်စီးခဲ့ခြင်းများ ဖြစ်ပွားခဲ့ပါသည်။ အဆိုပါ ဖြစ်စဉ် ဖြစ်ပွားခဲ့ရာ ရွာတွင်းလမ်းမကောင်းသည့်အတွက် ကယ်ဆယ်ရေးယာဉ်များ သွားလာရ ခက်ခဲ ခဲ့ပါသည်။ ထို့ကြောင့် အဆောက်အဦများအားအချိန်မီ ပြောင်းရွှေ့မှုများ မပြုလုပ်နိုင်ခဲ့ပါ။ ယခုနှစ်များ တွင် သဘာဝဘေးအန္တရာယ် အနေဖြင့် ဆိုးဆိုးဝါးဝါးအခြေအနေများ ထပ်မံကြုံတွေ့ရခြင်းမရှိသေးပါ။

**၁၀။ ကျား၊ မ ရေးရာ**

လူဦးရေဆိုင်ရာအချက်အလက်အရ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ပိုမိုများပြား သည်ကို တွေ့ရပါသည်။ ပညာရေးဆိုင်ရာ ကဏ္ဍများတွင်လည်း အမျိုးသမီးများသည် အမျိုးသားများ ထက် ပညာလေ့လာ သင်ယူရာတွင် ပိုမိုများပြားပါသည်။ ထို့ကြောင့် ပညာရေးကဏ္ဍ အနေဖြင့် အမျိုးသမီးများ တန်းတူအခွင့်အရေးရရှိပါသည်။ အုပ်ချုပ်ရေးပိုင်းတွင် အမျိုးသမီးများ ပါဝင်ဆောင် ရွက်ရန် ခွင့်ပြုထားသော်လည်း အမျိုးသမီးမျာအနေဖြင့် အိမ်မှုကိစ္စများကိုသာ ဦးစားပေးဆောင်ရွက် နေရသည့်အတွက် ပါဝင်မှု မရှိပါ။ သို့သော်လည်း လူမှုရေးကိစ္စများ၊ ကျေးရွာသာရေး၊ နာရေး ကိစ္စများ တွင် အမျိုးသမီးများ တက်တက်ကြွကြွ ပါဝင်လုပ်ဆောင်ကြပါသည်။ မိမိတို့ကျေးရွာတွင် အမျိုးသမီး

များ၌ သံသယဖြစ်ဖွယ် အကြမ်းဖက်မှုများ (သို့မဟုတ်) တိုင်ကြားမှုများ မရှိခဲ့ပါ။ အကြမ်းဖက်မှုဆိုင်ရာ ဥပဒေနှင့်ပတ်သတ်၍ ကျေးရွာလူထု၌ အသိပညာ ရှိကြပါသည်။

## ဆင်တဲကြီးကျေးရွာ လုပ်ငန်းစီမံချက် ဦးစားပေးအဆင့် ခွဲခြားသတ်မှတ်ခြင်းအမှတ်ပေးဇယား

| လုပ်ငန်းစီမံချက် | အမှတ်ပေးသူ (၁) | အမှတ်ပေးသူ (၂) | အမှတ်ပေးသူ (၃) | အမှတ်ပေးသူ (၄) | အမှတ်ပေးသူ (၅) | အမှတ်ပေးသူ (၆) | အမှတ်ပေးသူ (၇) | အမှတ်ပေးသူ (၈) | အမှတ်ပေးသူ (၉) | အမှတ်ပေးသူ (၁၀) | စုစုပေါင်း | အဆင့် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရေကျော်ပြုပြင်ရန် | ၁၀ | ၁၀ | ၁၀ | ၇ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၇ | ၉၄ | ၁ |
| ရွာချင်းဆက်လမ်းပေါ် တံတားပြုပြင်ရန် | ၁၀ | ၂ | ၁၀ | ၁၀ | ၁ | ၁၀ | ၁၀ | ၂ | ၁ | ၁၀ | ၆၆ | ၂ |
| ဆင်တဲကြီးတောင်ရွာလမ်းပြုပြင်ရန် | ၇ | ၂ | ၆ | ၆ | ၁၀ | ၇ | ၃ | ၃ | ၁၀ | ၃ | ၅၈ | ၃ |
| စိုက်ပျိုးရေးလုပ်ငန်အတွက် ဈေးကွက်ရရှိ ရေးဆောင်ရွက်ရန် | ၃ | ၂ | ၄ | ၈ | ၆ | ၄ | ၂ | ၁၀ | ၁၀ | ၃ | ၅၂ | ၄ |
| စာသင်ကျောင်းအဆင့်မြှင့်ရန် (မူလတန်းမှအလယ်တန်း) | ၅ | ၂ | ၅ | ၉ | ၁ | ၉ | ၁ | ၅ | ၁၀ | ၅ | ၅၂ | ၅ |
| ဆင်တဲကြီးမြောက်ရွာလမ်း | ၆ | ၃ | ၇ | ၅ | ၂ | ၈ | ၄ | ၂ | ၁၀ | ၄ | ၅၁ | ၆ |

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| ပြုပြင်ရန် | | | | | | | | | | | |
| ကျန်းမာရေးဆေးပေးခန်းရရန် | ၅ | ၁ | ၅ | ၉ | ၅ | ၂ | ၆ | ၅ | ၁၀ | ၂ | ၅၀ | ၇ |

**ဆင်တဲကြီးကျေးရွာ လုပ်ငန်းစီမံချက် ဦးစားပေးအဆင့် ခွဲခြားသတ်မှတ်ခြင်းအမှတ်ပေးဇယား**

| လုပ်ငန်းစီမံချက် | အမှတ်ပေးသူ (၁) | အမှတ်ပေးသူ (၂) | အမှတ်ပေးသူ (၃) | အမှတ်ပေးသူ (၄) | အမှတ်ပေးသူ (၅) | အမှတ်ပေးသူ (၆) | အမှတ်ပေးသူ (၇) | အမှတ်ပေးသူ (၈) | အမှတ်ပေးသူ (၉) | အမှတ်ပေးသူ (၁၀) | စုစုပေါင်း | အဆင့် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| မုခ်ဦးအဝင်ပြွန်ပျက်စီးနေသဖြင့် ပြုပြင်ရန် | ၈ | ၁ | ၄ | ၂ | ၂ | ၅ | ၁ | ၅ | ၅ | ၁၀ | ၄၃ | ၈ |
| စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေး သင်တန်းများ ဖွင့်လှစ်ပေးရန် | ၂ | ၃ | ၅ | ၄ | ၂ | ၅ | ၁ | ၂ | ၁၀ | ၅ | ၃၈ | ၉ |
| အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်ပေးရန် | ၂ | ၂ | ၂ | ၂ | ၃ | ၂ | ၇ | ၃ | ၁၀ | ၅ | ၃၈ | ၁၀ |
| စာကြည့်တိုက်ပြုပြင်ရန် | ၄ | ၁ | ၂ | ၉ | ၁ | ၁ | ၁ | ၅ | ၉ | ၃ | ၃၆ | ၁၁ |

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| စာသင်ကျောင်းခြံစည်းရိုးဆောင်ရွက်ရန် | ၅ | ၂ | ၃ | ၅ | ၃ | ၆ | ၁ | ၁ | ၈ | ၁ | ၃၆ | ၁၂ |
| လမ်းမကြီးဘေးရေမြောင်းပြုပြင်ရန် | ၂ | ၁ | ၅ | ၁ | ၁ | ၂ | ၁၀ | ၁ | ၂ | ၁၀ | ၃၅ | ၁၃ |
| မြစိမ်းရောင်စီမံကိန်းချပေးရန် | ၃ | ၁ | ၁ | ၃ | ၅ | ၅ | ၃ | ၃ | ၈ | ၁ | ၃၄ | ၁၄ |

**စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)**

| | |
|---|---|
| ကျေးရွာ | - ဆင်တဲကြီး |
| ကျေးရွာအုပ်စု | - ဥယျာဉ် |
| မြို့နယ် | - ပုဗ္ဗသီရိမြို့နယ် |
| တိုင်းဒေသကြီး/ပြည်နယ် | - နေပြည်တော် |
| စီမံချက်အမည် - ဆင်တဲကြီးတောင်ရွာလမ်း ကျေးရွာချင်းဆက်လမ်းအား ရိစာခင်းခြင်း (၃၀၀၀'×၁၅'×၆") | |
| **စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်းရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**<br>ဆင်တဲကြီးကျေးရွာသည် ဇီးကုန်းကျေးရွာအုပ်စု၊ ကုလားကျေးရွာတို့နှင့် ဆက်စပ်လျှက်ရှိပါသည်။ အဆိုပါ ကျေးရွာချင်းဆက်လမ်းမှာ ပေအရှည် (၃၀၀၀)ပေခန့်ရှိပြီး မိုးတွင်းကာလတွင် ဗွက်ထခြင်း၊ လမ်းချော်ခြင်းများကြောင့် သွားလာရန်လွန်စွာခက်ခဲလျှက်ရှိပါသည်၊ လက်ရှိမိုးရာသီကာလအတွင်း ဆင်သေချောင်း ရေကြီးမှုများကြောင့် ကမ်းပါးပြို၍ နေအိမ်အဆောင်အဦးများ ဖျက်သိမ်းရခြင်းဖြစ်စဉ်များ ယခင်နှစ်များကဖြစ်ခဲ့ဖူးပါသည်။ အဆိုပါဖြစ်စဉ်များမှာ ကယ်ဆယ်ရေးယာဉ်များ သွားလာရန်ခက်ခဲခဲ့ခြင်းကြောင့် အချိန်မှီ မကာကွယ်နိုင်ခဲ့ပါ။ ထို့ကြောင့် အဆိုပါ လမ်းအား ရိစာလမ်းခင်းပေးခြင်းဖြင့် ဒေသခံပြည်သူများသွားလာရေးအဆင်ပြေချောမွေ့စေမည် ဖြစ်ပါသည်။ | |
| **စီမံချက် ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒ ဖော်ပြရန်)**<br>ဆင်တဲကြီးကျေးရွာနှင့်ကုလားကျေးရွာ ရွာချင်းဆက်လမ်းအား လက်ရှိမြေသားလမ်းမှ ရိစာလမ်းခင်းခြင်းဖြင့် ဒေသထွက် သီးနှံများ ဈေးကွက်သို့ လျှင်မြန်စွာပို့ဆောင်နိုင်ခြင်း၊ ကျန်းမာရေးနှင့် ပညာရေးအတွက် သွားလာနေကြသောကျောင်းသူ/သားအနေဖြင့် သွားလာရပိုမို လွယ်ကူလာခြင်း၊ ရွာချင်းဆက်လမ်းဖြစ်သည့်အတွက် လမ်းအသုံးပြုသူကျေးရွာများအနေဖြင့် သွားလာရပိုမိုလွယ်ကူလာခြင်း၊ သဘာဝဘေးအန္တရာယ်ကိစ္စများ ပေါ်ပေါက်လာပါက အချိန်နှင့် တပြေးညီ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ပါသည်။ | |
| **မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**<br>ပေပေါင်း (၃၀၀၀)ခန့် ရိစာလမ်းခင်းပေးခြင်းဖြင့် လက်ရှိ မိုးရာသီ ကာလအတွင်း ဆင်သေချောင်း ရေကြီးမှုများကြောင့် ကမ်းပါးပြို၍ နေအိမ်အဆောင်အဦးများ ဖျက်သိမ်းရခြင်း ဖြစ်စဉ်များ ယခင်နှစ်များက ဖြစ်ခဲ့ဖူးပါသည်။ အဆိုပါ ဖြစ်စဉ်များမှာ ကယ်ဆယ်ရေးယာဉ်များ သွားလာရန် | |

ခက်ခဲခဲ့ခြင်းကြောင့် အချိန်မှီ မကာကွယ်နိုင်ခဲ့ပါ။ ရိုစာလမ်းခင်းခြင်းကြောင့် အလားတူ ဖြစ်စဉ်များ ပေါ်ပေါက်လာပါက သက်ဆိုင်ရာဌာနများအနေဖြင့် လမ်းပမ်းဆက်သွယ်ရေး ကောင်းမွန်မှုကြောင့် လျှင်မြန်စွာသွားလာနိုင်ခြင်း၊ အချိန်မှီ [illegible] ၂၁ [illegible]ကွယ်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။

**စီမံချက်အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ**

| **စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက်ပမာဏ လုပ်ရမည်)** | |
|---|---|
| ကုန်ကျစရိတ်ထည့်ဝင်မှု | |
| ခန့်မှန်းကုန်ကျစရိတ်(ကျပ်) | ထည့်ဝင်မည့်အစီအစဉ် |
| ၈၅၀၀၀၀၀/- ကျပ် (ငွေသား) | • ကျေးလက်ဦးစီး |
| ၃၂၀၀၀၀၀/-တန်ဖိုးရှိလုပ်အား(ပစ္စည်း/လုပ်အား) | • ကျေးရွာ<br>• ကျေးရွာ |
| (ငွေသား) | • ကျေးလက်ဦးစီး |

| **အကျိုးခံစားသူဦးရေ** | **လူဦးရေ** | | | **ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)** | | | | |
|---|---|---|---|---|---|---|---|---|
| | **ကျား** | **မ** | **ပေါင်း** | **၁** | **၂** | **၃** | **၄** | **ပေါင်း** |
| ကျေးရွာအဆင့် | ၄၃၃ | ၄၆၉ | ၉၀၁ | ၅ | ၄၅ | ၉၆ | ၁၄ | ၂၂၀ |
| အကျိုးခံစားမည့် ဦးရေ | ၄၃၃ | ၄၆၉ | ၉၀၁ | ၅ | ၄၅ | ၉၆ | ၁၄ | ၂၂၀ |
| မှတ်ချက်။ ချောင်လည် အဆင့်-၁၊ အလယ်အလတ် အဆင့်-၂၊ ဆင်းရဲ-၃၊ အလွန်ဆင်းရဲ -၄ | | | | | | | | |

**စီမံချက်အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ**

| |
|---|
| (၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ)<br>ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့<br>ကျေးရွာဖွံဖြိုးရေးကော်မတီ<br>ကျေရွာဖွံ့ဖြိုးရေးအတွက် ဝယ်ယူရေးကော်မတီ |
| (၂) စီမံချက် စတင်မည့် အချိန် (ခန့်မှန်း)<br>သက်ဆိုင်ရာဌာနမှ ခွင့်ပြုချက်ရရှိသည့် အချိန် |
| (၃) စီမံချက် ပြီးစီးမည့် အချိန်<br>၁၅.၉.၂၀၁၈ |
| (၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် |

| |
|---|
| ကျေးရွာသူ/သားများမှ လုပ်အားထည့်ဝင်သွားမည်ဖြစ်ပါသည်။ |
| (၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာ အစီအစဉ်များ<br>လုပ်ငန်းလည်ပတ်ရေးအတွက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ကော်မတီ၊ ဝယ်ယူရေးကော်မတီအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်သွားပါမည်။<br>ပြုပြင်ထိန်းသိမ်းရေးအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကော်မတီအဖွဲ့၏ဦးဆောင်မှုဖြင့် ကိုယ်ထူ ကိုယ်ထပြန်လည်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ |

၂၂

## စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

**ဆင်တဲကြီးကျေးရွာ**

**ဥယျာဉ်အုပ်စု**

**ပုဗ္ဗသီရိမြို့နယ်**

| | |
|---|---|
| ကျေးရွာ | - ဆင်တဲကြီး |
| ကျေးရွာအုပ်စု | - ဥယျာဉ် |
| မြို့နယ် | - ပုဗ္ဗသီရိမြို့နယ် |
| တိုင်းဒေသကြီး/ပြည်နယ် | - နေပြည်တော် |
| စီမံချက်အမည် - ဆင်တဲကြီးတောင်ရွာလမ်း ရွာတွင်းလမ်းအား ရိစာလမ်းခင်းခြင်း (၇၀၀'×၁၃"×၆") | |
| **စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်းရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**<br>အဆိုပါ ရွာတွင်းလမ်းမှာ ပေအရှည် (၇၀၀)ပေခန့်ရှိပြီး မိုးတွင်းကာလတွင် ဗွက်ထခြင်း၊ လမ်းချော်ခြင်းများကြောင့် သွားလာရန်လွန်စွာခက်ခဲလျှက်ရှိပါသည်၊ ထို့ကြောင့် အဆိုပါ လမ်းအား ရိစာလမ်းခင်းပေးခြင်းဖြင့် ဒေသခံပြည်သူများသွားလာရေးအဆင်ပြေချောမွေ့စေမည် ဖြစ်ပါသည်။ | |
| **စီမံချက် ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒ ဖော်ပြရန်)**<br>လက်ရှိမြေသားလမ်းမှ ရိစာလမ်း ခင်းခြင်းဖြင့် ဒေသထွက် သီးနှံများ ဈေးကွက်သို့ လျှင်မြန်စွာ ပို့ဆောင်နိုင်ခြင်း၊ ကျန်းမားရေးနှင့် ပညာရေးအတွက် သွားလာနေကြသော ကျေးရွာသူ/သား အနေဖြင့် သွားလာရပိုမို လွယ်ကူလာခြင်း၊ သဘာဝဘေးအန္တရာယ်ကိစ္စများ ပေါ်ပေါက်လာပါက အချိန် နှင့် တပြေးညီ ဖြေရှင်းဆောင်ရွက်နိုင်စေရန် ရည်ရွယ်ပါသည်။ | |
| **မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုး** | |

**ကျေးရွာဖွံ့ဖြိုးရေးစီမံချက်**

| |
|---|
| **ကျေးရှူးများ)** |
| ပေပေါင်း (၇၀၀)ခန့် ရိစာလမ်းခင်းပေးခြင်းဖြင့် ကျေးရွာသူ/သား အနေဖြင့် သွားလာရ လွယ်ကူခြင်း၊ လမ်းများ ကောင်းမွန်လာခြင်းကြောင့် ကျောင်းသား/သူများ သွားလာရာတွင် အဆင်ပြေချောမွေ့လာပြီး ကျောင်းပညာရေး ပိုမိုကောင်းမွန်စွာ သင်ယူလာနိုင်မည်ဖြစ်ပါသည်။ |

| **စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက်ပမာဏ လုပ်ရမည်)** | |
|---|---|
| ကုန်ကျစရိတ်ထည့်ဝင်မှု | |
| ခန့်မှန်းကုန်ကျစရိတ်(ကျပ်) | ထည့်ဝင်မည့်အစီအစဉ် |
| ၁၅၀၀၀၀၀/- ကျပ် (ငွေသား) | • ကျေးလက်ဦးစီး |
| ၃၉၁၉၄၀/-တန်ဖိုးရှိလုပ်အား (ပစ္စည်း/လုပ်အား) | • ကျေးရွာ<br>ကျေးရွာ |
| (ငွေ... | ကျေးလက်ဦးစီး |

၂၃

**စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)** **ဆင်တဲကြီးကျေးရွာ**

**ညယျာဉ်အုပ်စု**

**ပုဗ္ဗသီရိမြို့နယ်**

| **စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက်ပမာဏ လုပ်ရမည်)** | | | | | | | | |
|---|---|---|---|---|---|---|---|---|
| **အကျိုးခံစားသူဦးရေ** | **လူဦးရေ** | | | **ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)** | | | | |
| | **ကျား** | **မ** | **ပေါင်း** | **၁** | **၂** | **၃** | **၄** | **ပေါင်း** |
| ကျေးရွာအဆင့် | ၄၃၃ | ၄၆၉ | ၉၀၂ | ၅ | ၄၅ | ၉၆ | ၁၄ | ၂၂၀ |
| အကျိုးခံစားမည့် ဦးရေ | ၄၃၃ | ၄၆၉ | ၉၀၂ | ၅ | ၄၅ | ၉၆ | ၁၄ | ၂၂၀ |
| မှတ်ချက်။ ချောင်လည် အဆင့်-၁၊ အလယ်အလတ် အဆင့်-၂၊ ဆင်းရဲ-၃၊ အလွန်ဆင်းရဲ -၄ | | | | | | | | |

**စီမံချက်အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ**

**ကျေးရွာဖွံ့ဖြိုးရေးစီမံချက်**

| |
|---|
| (၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ)<br>ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့<br>ကျေးရွာဖွံ့ဖြိုးရေးကော်မတီ<br>ကျေရွာဖွံ့ဖြိုးရေးအတွက် ဝယ်ယူရေးကော်မတီ |
| (၂) စီမံချက် စတင်မည့် အချိန် (ခန့်မှန်း)<br>သက်ဆိုင်ရာဌာနမှ ခွင့်ပြုချက်ရရှိသည့် အချိန် |

| |
|---|
| (၃) စီမံချက် ပြီးစီးမည့် အချိန်<br>၁၅.၉.၂၀၁၈ |
| (၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ်<br>ကျေးရွာသူ/သားများမှ လုပ်အား ထည့်ဝင်မည် ဖြစ်ပါသည်။ |
| (၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာ အစီအစဉ်များ<br>လုပ်ငန်းလည်ပတ်ရေးအတွက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကော်မတီ၊ ဝယ်ယူရေးကော်မတီ အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်သွားပါမည်။<br>ပြုပြင်ထိန်းသိမ်းရေးအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကော်မတီအဖွဲ့၏ဦးဆောင်မှုဖြင့် ကိုယ်ထူ ကိုယ်ထပြန်လည်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ |

နောက်ဆက်တွဲ - ၁

# နောက်ဆက်တွဲ - ၁

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၉ | ၁၂ | ၂၁ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၂၇ | ၂၄ | ၅၁ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၃၃ | ၄၈ | ၈၁ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၄၀ | ၂၉ | ၆၉ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၁၁ | ၃၃၀ | ၆၄၁ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်အိုများ | ၁၃ | ၂၆ | ၃၉ |
| **စုစုပေါင်း** | | **၄၃၃** | **၄၆၉** | **၉၀၂** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၂၂၀** | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။** ကျေးရွာရှိ အိမ်ထောင်စု (၂၂၀)စုတွင် ကျား(၄၃၃)၊ မ(၄၆၉) စုစုပေါင်း(၉၀၂) ဦးရှိပြီး တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄)ဦးခန့် ရှိပါသည်။ (၁)နှစ်အောက် ကလေးငယ်မှာ (၂၁)ယောက်ရှိပြီး (၁.၇%)သာရှိသည့်အတွက် ကျေးရွာတွင် ကလေးမွေးဖွားမှုနှုန်း နည်းသည်ကိုတွေ့ရှိရပါသည်။ (၇၁.၁၄%)သည် ၁၅နှစ်မှ၆၄နှစ်အကြား အလုပ်လုပ်နိုင်သောအရွယ်များဖြစ်၍ လုပ်သာအင်အား ပေါများ ပါသည်။ သက်ကြီးရွယ်အို(တစ်ဦးတည်းနေသူ) (၆) ဦး ရှိပြီး၊ မသန်စွမ်းသူ (၂) ဦးခန့် ရှိသည်ကို တွေ့ရှိရပါသည်။

**(၂) သဘာဝရင်းမြစ်များ**

**(၂-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိနိုင်မှု (ရ/မရ/အနည်းအကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ/ချောင်း/မြစ်/စိမ့်စမ်း စသည်) |
|---|---|---|---|---|
| လယ်မြေ | ၁၄၈.၈ | ကောင်း | အနည်းအကျဉ်း | မိုးကောင်းရေသောက် |
| ယာမြေ | ၉၇.၂ | ကောင်း | အနည်းအကျဉ်း | မြေအောက်ရေ၊ ချောင်း |

| | | | | |
|---|---|---|---|---|
| | | | | (ရေတွင်းမှ ရေတင်ခြင်း) |
| **ဥယျာဉ်ခြံမြေ** | | | | |
| **အိမ်ခြံ စိုက်ခင်း** | | | | |
| **မြေအမျိုးအစား** | **ဧရိယာ (ဧက)** | **မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့** | **ရေရရှိနိုင်မှု (ရ/မရ/အနည်း အကျဉ်း)** | **ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ/ချောင်း/ မြစ်/စိမ့်စမ်း စသည်)** |
| **ကိုင်း/ကျွန်းမြေ** | | | | |
| **စားကျက်မြေ** | | | | |
| **ပလပ်မြေ** | | | | |
| **သစ်တောမြေ** | | | | |
| **စုစုပေါင်း** | ၂၄၆ | | | |

**ရင်းမြစ်** … (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊** (၃) **လယ်ယာ မြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊** (၄) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှုးရုံး။**

**မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး** (သို့) **မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။**

**လေ့လာတွေ့ရှိချက်။ ။** ကျေးရွာတွင် လယ်မြေဧက **(**၁၄၈.၈**)** ဧကရှိပြီး ဆန်စပါးစိုက်ပျိုးကြပါသည်။ ယာမြေများ တွင် ပြောင်း၊ မတ်ပဲ၊ ပဲတီစိမ်း၊ နှမ်းနှင့် ၄က်ပျောစသည့် သီးနှံများ စိုက်ပျိုးကြကြောင်းတွေ့ရှိရပါသည်။ စိုက်ပျိုးရေးအတွက် မိုးရေကိုသာ အဓိကထား၍ အားကိုးစိုက်ပျိုးကြကြောင်းတွေ့ရှိရပါသည်။ လယ်မြေများသည် မိုးရေကိုသာ အဓိကထား စိုက်ပျိုး ရသည့်အတွက် မိုးနည်းသောကာလများတွင် လယ်စိုက်တောင်သူများအနေဖြင့် အခက်အခဲများ ကြုံတွေ့ရပါသည်။ လယ်ယာ သုံးပစ္စည်းများအနေဖြင့် ထွန်စက် **(**၂**)**စီး၊ လက်တွန်းထွန်စက် **(**၃**)**စီး နှင့် ရေစုပ်စက် **(**၂၁**)**ခု ရှိပြီး အချို့တောင်သူများ အနေဖြင့် လယ်ယာသုံးပစ္စည်းများကို ငှားရမ်းသုံးစွဲလျှက်ရှိပါသည်။

## (၂-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

**ဇယား** (၃) **ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ရရှိနိုင်မှု<br>(များ/သင့်/နည်း/မရှိ) | အသုံးချနိုင်မှု<br>(လွယ်/ခက်/လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန်(ခါတ်ငွေ့/ရေနံ) | မရှိ | |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တုကျောက်၊ ကျောက်မီးသွေး၊သဲ)စသည် | မရှိ | |
| အခြားသဘာဝအရင်းအမြစ်များ | | |
| တိရစ္ဆာန်မျိုးစိတ်များ | မရှိ | |
| အပင်မျိုးစိတ်များ (လူ၊တိရိစ္ဆာန်တို့အတွက်အသုံးဝင်သော) | မရှိ | |
| ပျမ်းမျှအပူချိန် - ၃၀ | ပျမ်းမျှမိုးရေချိန် - ၈၀ | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များမရှိပါ။

## (၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

**ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့၏စွမ်းဆောင်ရည် အခြေနေ(သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | လူမှုရေးအဖွဲ့ | ၁☐ ၂√ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး √<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကျေးရွာရှိ ကျေးရွာသူ/သား များအားလုံး ပါဝင်သည့် အတွက် အဖွဲ့အစည်းသည် ခိုင်မာတောင့်တင်းမှုရှိပါသည်။ |

